ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ၏ ပထမအကြိမ်ကောင်စီမျက်နှာစုံညီအစည်းအဝေးမှ ထုတ်ပြန်ကြေညာချက်

နေ့စွဲ - ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၂)ရက်

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ပထမအကြိမ်ညီလာခံမှ ပြန်လည်ဖွဲ့စည်းခဲ့သောကောင်စီအဖွဲ့ဝင်များ၏ ပထမအကြိမ်မျက်နှာစုံညီအစည်းအဝေးကို ထိုင်း-မြန်မာ နယ်စပ်တစ်နေရာတွင် အောက်တိုဘာလ(၂၀) မှ (၂၂)ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ ထိုအစည်းအဝေးသို့ အဖွဲ့ဝင်အဖွဲ့အစည်းတစ်ဖွဲ့မှအပ ကျန်အဖွဲ့ဝင်အားလုံးတို့၏ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ခဲ့ပါသည်။ ဤပထမအကြိမ် ကောင်စီအစည်းအဝေးမှ ချမှတ်ခဲ့သော လုပ်ငန်းစဉ်များနှင့်သဘောထားများကို ပြည်သူအများသိသာရန် ထုတ်ပြန်အပ်ပါသည်။

၁။ (UNFC) ၏လုပ်ငန်းဆိုင်ရာဌာနများဖြစ်သော (က) သုတေသနနှင့်ဥပဒေရေးရာဌာန၊ (ခ) နိုင်ငံခြားရေးဌာန၊ (ဂ) ဘဏ္ဍာရေးဌာန၊ (ဃ) ကာကွယ်ရေးဌာန၊ (င) စည်းရုံးရေး သတင်းနှင့်ပြန်ကြားရေးဌာန၊ (စ) ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနတို့၏လုပ်ငန်းစဉ်များကို ညှိနှိုင်းချမှတ်ခဲ့ကြသည်။

၂။ မိမိတို့နိုင်ငံနှင့်ဆက်စပ်သက်ဆိုင်သောနိုင်ငံတကာအခြေအနေ၊ ပြည်တွင်းအခြေအနေ၊ မိမိတို့တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏အခြေအနေနှင့် အစိုးရ၏ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မီတီ(UPWC) နှင့် မိမိတို့တိုင်းရင်းသားအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့(NCCT)တို့၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးနေသော ဆွေးနွေးပွဲအခြေအနေတို့ကို သုံးသပ်ပြီး အခြေအနေနှင့်ကိုက်ညီသောရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းချမှတ်ခဲ့ကြသည်။

၃။ မိမိတို့နိုင်ငံ၏နိုင်ငံရေးအခြေအနေကို ခြုံငုံသုံးသပ်ရာတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် စုဖွဲ့ထားသောနိုင်ငံ၌ မဟာလူမျိုးကြီးဝါဒနှင့် အတုအယောင်ပြည်ထောင်စုစနစ်ကို အာဏာရှင်အစိုးရအဆက်ဆက်တို့က အဓမ္မကျင့်သုံးအကောင်အထည်ဖော်နေသဖြင့် နှစ်ပေါင်း(၇၀)နီးပါး ပြည်တွင်းစစ်ဖြစ်ပေါ်နေရသည်။ ထိုပြည်တွင်းစစ်ကြောင့် လူမျိုးစုံပြည်သူများ ဆင်းရဲဒုက္ခမျိုးစုံနှင့်ရင်ဆိုင်နေရပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများလည်း ဆုံးရှုံးနေရသည်။ လက်ရှိအနေအထားတွင် ၂၀၀၈-ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေအနေနှင့်ကိုက်ညီစွာ ပြင်ဆင်ပြောင်းလဲမှု မပြုနိုင်သမျှ ဤအကြပ်အတည်းမှ ရုန်းထွက်နိုင်မည် မဟုတ်ဟု ရှုမြင်သည်။

၄။ အာဏာရှင်အစိုးရအဆက်ဆက်တို့သည် နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေမရှာပဲ စစ်အင်အားဖြင့်သာ အဓိကထား ဖြေရှင်းလာခဲ့သဖြင့် ယနေ့တိုင်ပြေလည်မှုမရရှိသေးပါ။ ယခုအခါ အစိုးရအနေဖြင့် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးဖြေရှင်းရန် လုပ်ဆောင်နေသည်ဟုပြောနေသော်လည်း လက်တွေ့အကောင်အထည်ဖော်ရာတွင် တန်းတူခြင်း၊ တရားမျှတခြင်းမရှိသည့်အပြင် နောက်ပြန်ဆုတ်သောလုပ်ဆောင်ချက်များကြောင့် ဆွေးနွေးပွဲများ လိပ်ခဲတင်းလင်း ဖြစ်နေရသည်။

၅။ ထို့အပြင် မြန်မာ့တပ်မတော်မှ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်များတွင် စစ်ဆင်ရေးများ စဉ်ဆက်မပြတ် ပြုလုပ်နေပြီး တိုက်ပွဲများဖြစ်ပွားနေခြင်းနှင့် တခြားသောတိုင်းရင်းသားပြည်နယ်များ တွင်လည်း စစ်ရေးပြင်ဆင်မှုများကို အသာစီးယူ လုပ်ဆောင်လျှက်ရှိနေသည်ကို တွေ့မြင်နေရပါသည်။ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းကို အမှန်တကယ် လိုလားမှု ရှိ၊ မရှိ သံသယ ဖြစ်လာနေရပါသည်။

၆။ (UNFC) သည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် မိမိတို့(UNFC)အဖွဲ့ဝင် မဟုတ်သော ညီနောင်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ ဒီမိုကရေစီအင်အား စုများနှင့်အတူတကွ လက်တွဲကြိုးပမ်းသွားနိုင်ရန် တွေ့ဆုံညှိနှိုင်း နည်းလမ်းရှာသွားမည် ဖြစ်သည်။

၇။ မိမိတို့နိုင်ငံ၏အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံး၏အကျိုးအတွက် အခြေခံအကျဆုံးဖြစ်သော ရေရှည်တည်တံ့ခိုင်မြဲသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက် ရေးအတွက် မျိုးချစ်ပြည်ချစ်အင်အားစုများအားလုံး ခိုင်မာစွာလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းသွားကြရန် ကမ်းလှမ်းနှိုးဆော်ဖိတ်ခေါ်ပါကြောင်း ထုတ်ပြန်ကျေညာအပ်ပါသည်။

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

*<u>ဆက်သွယ်ရန်</u>*

| | | |
|---|---|---|
| *နိုင်ဟံသာ* | *- ဒုတိယဥက္ကဋ္ဌ (၁)* | *ဖုန်း - +66(0)80-503-0849* |
| *ခူဦးရယ်* | *- အထွေထွေအတွင်းရေးမှူး* | *ဖုန်း - +66(0)84-805-1344* |
| *ဗိုလ်မှူးကြီးခွန်ဥက္ကာ* | *- တွဲဖက်အထွေထွေအတွင်းရေးမှူး(၁)* | *ဖုန်း - +66(0)81-950-2158* |